စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ ဧပြီလ(၂၀) ရက်

| ၂၀-၄-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၀၄.၁ |
| စင်္ကာပူဒေါ်လာ | ၁,၅၇၅.၅ |
| စတာလင်ပေါင် | ၂,၆၁၃.၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၅၆၀.၆ |
| တရုတ်ယွမ် | ၁,၄၁၃.၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၅ |
| အိန္ဒိယရူပီး | ၂၅.၅၆၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၅၆ |
| မလေးရှား ရင်းဂစ် | ၄၇၃.၂၄ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၃၇၇ |
| ထိုင်းဘတ် | ၆၁.၁၁၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၄၀၀ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဖိလစ်ပိုင်နိုင်ငံမှ ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် တင်သွင်းခဲ့

➢ တရုတ်နိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် သကြားထွက်ရှိမှု ခန့်မှန်းချက်ကို ပြန်လည်ပြင်ဆင်ခဲ့

- **အထွေထွေသတင်းများ**

➢ တရုတ်-ရုရှား နှစ်နိုင်ငံကုန်သွယ်မှုမှာ ရေရှည်တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ရ

➢ တရုတ်ကုန်ထုတ်လုပ်သူများသည် RCEP နိုင်ငံများနှင့် ပိုမိုနီးကပ်သော စီးပွား ရေးချိတ်ဆက်မှုများကို ကြိုဆိုလျက်ရှိ

➢ တရုတ်နိုင်ငံသည် ကမ္ဘာ့အရေးကြီးဆုံး ကုန်ထုတ်လုပ်မှုဗဟိုချက်တွင်ရှိနေ

➢ တရုတ်နှင့် ဘရာဇီးတို့သည် နှစ်နိုင်ငံသုံးငွေကြေးများဖြင့် ကုန်သွယ်မှုပြုမည်

➢ တရုတ်နှင့် စင်ကာပူတို့သည် စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိ

➢ The 3rd China International Consumer Products Expo (CICPE) သို့ လာရောက်ကြည့်ရှုသူများ ယခင်နှစ်ထက်ပိုများ

➢ တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်အတွင်း တိုးတက်မှုရှိခဲ့

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ

### ဖိလစ်ပိုင်နိုင်ငံမှ ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် တင်သွင်းခဲ့

ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းလာသော ဒူးရင်းသီး(၁၈)တန်သည် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့ရှိ Wuxu လေဆိပ်သို့ ၆-၄-၂၀၂၃ ရက်နေ့တွင် ပထမဆုံးရောက်ရှိလာကြောင်း သိရှိရပါသည်။

ယခုတင်ပို့မှုတွင် Davao ဒေသတွင် စိုက်ပျိုးထုတ်လုပ်သည့် ချိုမြိန်ပြီး အရသာရှိသော ပရီမီယံ Puyat အမျိုးအစား ဒူးရင်းသီးများပါဝင်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ဖိလစ်ပိုင်သည် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံပြီးလျှင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတရားဝင် တင်ပို့ခွင့်ပြုထားသော တတိယမြောက်နိုင်ငံဖြစ်ကြောင်းလည်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နှင့် ဖိလစ်ပိုင်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် လယ်ယာထွက်ကုန်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ဖိလစ်ပိုင်သည် တရုတ်နိုင်ငံသို့ ငှက်ပျောသီးနှင့် နာနတ်သီးများ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ဖိလစ်ပိုင် စိုက်ပျိုးရေးထွက်ကုန်များအတွက် တတိယအကြီးဆုံး ဈေးကွက်ဖြစ်လာကြောင်း သိရှိရပါသည်။

RCEP မူဘောင်အောက်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံမှု များ ပိုမိုအားကောင်းလာခဲ့ကြောင်း သိရှိရပါသည်။

Source: http://en.gxzf.gov.cn/2023-04/12/c_876838.htm
ကောင်စစ်ဝန်ရုံး၊ စီးပွားရေးသံမှူး
နန်နင်း

Agribusiness & Trade

………………………………………………………………………

### တရုတ်နိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် သကြားထွက်ရှိမှု ခန့်မှန်းချက်ကို ပြန်လည်ပြင်ဆင်ခဲ့

တရုတ်နိုင်ငံ၏ သကြားထွက်ရှိမှုသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ တန်ချိန် ၉ သန်းအထိ ရှိမည်ဟု မျှော်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

အဆိုပါဝန်ကြီးဌာန၏ Chinese Agriculture Outlook Committee အောက်ရှိ တရုတ်နိုင်ငံ စိုက်ပျိုးရေးရောင်းလိုအားနှင့် ဝယ်လိုအားခန့်မှန်းချက်များအရ သကြားထွက်ရှိမှုသည် ပြီးခဲ့သည့်လက ခန့်မှန်းထားသည်ထက် တန်ချိန် ၃၃၀,၀၀၀ ကျဆင်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ သကြားအဓိကထုတ်လုပ်ရာဒေသဖြစ်သည့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကြံအထွက်နှုန်း ကျဆင်းသွားခြင်းကြောင့် လစဉ်ဆန်းစစ်မှု အစီရင်ခံစာတွင် ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်ဟု ယူဆကြောင်း သိရှိရသည်။

ပြည်တွင်း၌ သကြားတစ်တန်ဈေးနှုန်းမှာလည်း ယခုနှစ် မတ်လတွင် ခန့်မှန်းခဲ့သည့် ယွမ် ၅,၆၅၀ – ၆,၂၀၀ ယွမ်မှ ယွမ် ၅,၉၅၀ (အမေရိကန်ဒေါ်လာ ၈၆၃.၈ ခန့်) – ၆,၅၅၀ ယွမ်အထိ မြင့်တက်လာမည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရသည်။

သကြားထုတ်လုပ်မှုမှ ပြည်တွင်းသကြားဈေးကွက်အပေါ် အကျိုးသက်ရောက်မှုနှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့မှုအခြေအနေတို့ကို ထင်ဟပ်လျက်ရှိကြောင်း သိရှိရသည်။

Source: https://english.news.cn/20230415/6f052d0d30564fa19b33aa884886017a/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

## တရုတ်–ရုရှား နှစ်နိုင်ငံကုန်သွယ်မှုမှာ ရေရှည်တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ရ

တရုတ်–ရုရှား နှစ်နိုင်ငံစလုံးသည် ကုန်စည်ကုန်သွယ်မှု ၊ ဒေသတွင်းချိတ်ဆက်ဆောင်ရွက်မှုနှင့် အခြားနယ်ပယ်သစ်များတွင် စီးပွားရေးအဆက်အသွယ်များကို တက်ကြွစွာ တွန်းအားပေးဆောင်ရွက်နေသောကြောင့် နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် လာမည့်နှစ်များတွင် လျင်မြန်စွာတိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း သိရှိရသည်။

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ မကြာသေးမီက အချက်အလက်များအရ ၂၀၂၃ ခုနှစ်၏ ပထမနှစ်လအတွင်း တရုတ်နှင့် ရုရှားအကြားကုန်သွယ်မှုသည် ယွမ် ၂၃၂.၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၃.၈ ဘီလီယံ) အထိ မြင့်တက်လာခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလထက် ၃၆.၄% မြင့်တက်ခဲ့သဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် အရှိန်အဟုန်ဖြင့် အဆက်မပြတ်တိုးတက်နေမှုကို ညွှန်ပြနေကြောင်း သိရှိရသည်။

နှစ်နိုင်ငံစလုံးသည် ၎င်းတို့၏ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်စိတ်ချမှုကို ပိုနက်ရှိုင်းစေပြီး စိတ်ဝင်စားသည့်နယ်ပယ်များကို ချဲ့ထွင်လျက်ရှိကြောင်း၊ ဈေးကွက်ပိုမိုချဲ့ထွင်ရန်နှင့် တိုးတက်မှု

ကို ပူးပေါင်းမြှင့်တင်ရန်အတွက် ၎င်းတို့၏ အားသာချက်များကို တွန်းအားပေးဆောင်ရွက်နေကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အကုန်တွင် (၁၃)နှစ်ဆက်တိုက် ရုရှားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး စွမ်းအင်နှင့် ဓာတ်သတ္တုများအပါအဝင် ကုန်ပစ္စည်းအမြောက်အများကို နှစ်နိုင်ငံအကြား ကုန်သွယ်ခဲ့ကြကြောင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေး၊ ဇီဝဆေးဝါးများ၊ နယ်စပ်ဖြတ်ကျော်အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးတို့တွင် တိုးတက်မှုများရှိနေကြောင်း သိရှိရသည်။

ကမ္ဘာ့ကုန်စည်ဝယ်လိုအား ကျဆင်းခြင်းမှသည် ပထဝီဝင်စီးပွားရေးလှုပ်ခတ်မှုများအထိ စိန်ခေါ်မှုများရှိနေသော်လည်း တရုတ်-ရုရှား ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၂၉.၃% တိုးမြင့်လာကာ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၀.၂၇ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း အကောက်ခွန် စာရင်းဇယားများအရ သိရှိရသည်။

နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာဆက်ဆံမှုများ တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာနများနှင့်သာမက ရုရှားနိုင်ငံတို့နှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပါသည်။

Heilongjiang River ပေါ်ရှိ Heihe-Blagoveshchensk နယ်စပ်ဖြတ်ကျော် အဝေးပြေးတံတားကို ပြီးခဲ့သည့်နှစ် ဇွန်လတွင်ဖွင့်လှစ်ခဲ့ကြောင်း၊ အခြေခံအဆောက်အအုံချိတ်ဆက်မှုတွင် မှတ်တိုင်တစ်ခုဖြစ်သည့် အဆိုပါလမ်းကြောင်းသစ်သည် တရုတ်နိုင်ငံ၏ အရှေ့မြောက်ပြည်နယ်များနှင့် ရုရှား၏ အရှေ့ဖျားဒေသတို့ကို ချိတ်ဆက်ထားပြီး အိမ်နီးချင်းနှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202303/20/WS64187147a31057c47ebb57e6.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

.........................................................................

## တရုတ်ကုန်ထုတ်လုပ်သူများသည် RCEP နိုင်ငံများနှင့် ပိုမိုနီးကပ်သော စီးပွားရေးချိတ်ဆက်မှုများကို ကြိုဆိုလျက်ရှိ

တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာမှုနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) အား အကောင်အထည်ဖော်မှုသည် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

Agribusiness & Trade

ကို တွန်းအားပေးခဲ့ကြောင်း သိရှိရသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အတွက် အဓိကကျသည့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တည်ရှိသည့် Guangxi LiuGong Machinery Co., Ltd သည် ယခုနှစ်တွင် နိုင်ငံရပ်ခြားဈေးကွက်များတွင် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ အဆိုပါ ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာခြင်းနှင့် RCEP ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းတို့၏ အကျိုးရလဒ်ကို ခံစားခဲ့ရကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကုမ္ပဏီ၏ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများ ပြည်ပတင်ပို့မှုပမာဏသည် ယခင်နှစ်ထက် ၅၀% ကျော် တိုးတက်လာပြီး ဖေဖော်ဝါရီလမှစတင်ကာ ပြည်ပသို့ မြေတူးဖော်သည့်စက်ကြီးများ တင်ပို့မှုသည် ယခင်နှစ်ထက် ၅၀၀% မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

ယခုအခါ တရုတ်ထုတ်ကုန်များသည် အရှေ့တောင်အာရှတွင် နာမည်ကောင်းနှင့် ကျေနပ်လောက်သော ဈေးကွက်ဝေစုကို ရရှိနေပြီဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပထဝီဝင်တည်နေရာကို အခွင့်ကောင်းယူပြီး အာဆီယံနိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်ချဲ့ထွင်မှုကို အရှိန်မြင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ကို အကောင်အထည်ဖော်ခြင်းသည် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဖိုးတန်အခွင့်အလမ်းများကို ရရှိစေနိုင်ပြီး သွင်းကုန်ကုန်ကျစရိတ် လျှော့ချခြင်းနှင့် ပို့ကုန်အခွင့်အလမ်းများ တိုးမြင့်လာခြင်းဖြင့် နိုင်ငံတကာဈေးကွက်များ ပိုမိုချဲ့ထွင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

LiuGong Overseas Business Center ၏ အထွေထွေမန်နေဂျာ Li Dongchun က RCEP တွင် ပါဝင်သည့် ဒေသတွင်းနိုင်ငံများသည် တရုတ်စက်မှုထုတ်ကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ တင်ပို့မှုအတွက် အရေးကြီးသောဈေးကွက်ဖြစ်ပြီး ကုမ္ပဏီ၏ အဓိကပြည်ပဈေးကွက်များထဲမှ တစ်ခုဖြစ်ကြောင်း ရှင်းဟွာသတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရှိရသည်။

Source: [www.chinadaily.com.cn/a/202303/24/WS641d372ba31057c47ebb6601.html](www.chinadaily.com.cn/a/202303/24/WS641d372ba31057c47ebb6601.html)

ကောခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

……………………………………………………………………………………..

Agribusiness & Trade

## တရုတ်နိုင်ငံသည် ကမ္ဘာ့အရေးကြီးဆုံး ကုန်ထုတ်လုပ်မှုဗဟိုချက်တွင် ရှိနေ

ကမ္ဘာ့ကုန်သွယ်ရေးအနေဖြင့် တရုတ်နိုင်ငံအပါအဝင် အာရှဒေသအပေါ် မှီခိုနေရဆဲဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ လုပ်ဆောင်မှုအချို့ကြောင့် ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ဖြစ်စေသည့်ကြားမှပင် တရုတ်နိုင်ငံသည် ကမ္ဘာ့အရေးအကြီးဆုံး ကုန်ထုတ်လုပ်မှုအချက်အချာအဖြစ် မည်သည့်အခါမျှ ဆုံးရှုံးမည်မဟုတ်ကြောင်း အကြီးတန်းစက်မှုလုပ်ငန်း ကျွမ်းကျင်သူများနှင့် ကုမ္ပဏီအမှုဆောင်အရာရှိများက မတ်လ (၂၈) ရက်နေ့က ကျင်းပခဲ့သည့် Boao Forum for Asia Annual Conference 2023 ၌ ပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်အပါအဝင် အာရှနိုင်ငံများအကြား ကုန်သွယ်မှုအရ အပြန်အလှန်မှီခိုမှုအဆင့်သည် အလွန်မြင့်ကြောင်း၊ အာဆီယံနိုင်ငံများအကြား မှီခိုမှုမှာ အမြင့်ဆုံးဖြစ်ပြီး ၂၁ % ရှိကြောင်း၊ ဂျပန်နှင့် တောင်ကိုရီးယားတို့၏ တရုတ်နိုင်ငံအပေါ် မှီခိုမှုမှာ ၂၀ % ကျော်ရှိကြောင်းနှင့် အာဆီယံနိုင်ငံများနှင့် သြစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်္ကာပူနှင့် ဗီယက်နမ်တို့ပါဝင်သည့် Comprehensive and Progressive Agreement for Trans–Pacific Partnership (CPTPP) နိုင်ငံများ၏ တရုတ်နိုင်ငံအပေါ် မှီခိုမှုမှာ ၂၀% နီးပါးရှိကြောင်း အဆိုပါဖိုရမ်မှ ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

G20 နိုင်ငံများအနက် အများစုမှာ တရုတ်နိုင်ငံအပေါ် ကုန်သွယ်မှုအရ မှီခိုမှုမြင့်တက်လာသည်ကိုတွေ့မြင်ရပြီး အမေရိကန်နှင့် ပြင်သစ်တို့သာ တရုတ်နိုင်ငံအပေါ် ကုန်သွယ်မှုအရ မှီခိုမှုကျဆင်းသွားကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးကုန်ထုတ်လုပ်မှုဗဟိုချက်အဖြစ် အနည်းဆုံး နောင် ၁၀ နှစ်မှ ၂၀ နှစ်အထိ ၎င်း၏နေရာကို ဆုံးရှုံးနိုင်ဖွယ်မရှိကြောင်း၊ အချို့သော လုပ်သားအင်အားသုံး လုပ်ငန်းများသည် အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့သို့ ရွှေ့ပြောင်းလာပြီး တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုဂေဟစနစ်တွင် ပိုမိုပေါင်းစပ်ပါဝင်လာသောကြောင့် တရုတ်နိုင်ငံတစ်ခုလုံးအတွက် ပထဝီဝင်နိုင်ငံရေးအရ အကျိုးဖြစ်ထွန်းစေကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် အာရှဒေသ၏ တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်းများ ကုန်သွယ်မှုတွင် အဓိက နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှုအများဆုံး တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်း (၂၂)မျိုးအနက် တရုတ်နိုင်ငံအနေဖြင့် အမျိုးအစား(၂၀)ကို ဦးဆောင်လျက်ရှိကြောင်း သိရှိရသည်။

Source: www.chinadaily.com.cn/a/202303/29/WS642383aea31057c47ebb719f.htm

ကောခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

## တရုတ်နှင့် ဘရာဇီးတို့သည် နှစ်နိုင်ငံသုံးငွေကြေးများဖြင့် ကုန်သွယ်မှုပြုမည်

တရုတ်နိုင်ငံသုံးငွေကြေး ယွမ်(Renminbi–RMB)သည် ၎င်း၏ကမ္ဘာလုံးဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမှုကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအချက်သည် ပိုမိုခိုင်မာသော နိုင်ငံတကာငွေကြေးစနစ်တစ်ခုကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့်လမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုကျဆင်းစေပြီး ကုန်သွယ်မှုတိုးတက်စေရန်အတွက် ပိုမိုအထောက်အကူပြုစေမည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထွန်းသစ်စနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့်အပြင် BRICS အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်နှင့်ဘရာဇီးတို့သည် ၎င်းတို့နှစ်နိုင်ငံသုံးငွေကြေးများဖြင့် ကုန်သွယ်မှုပြုရန် သဘောတူညီချက်တစ်ရပ်ကို ရယူနိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာကို ကြားခံအဖြစ် သုံးစွဲရန်မလိုအပ်တော့ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့ပါသည်။

အဆိုပါ သဘောတူညီချက်သည် တရုတ်နှင့် ဘရာဇီးနှစ်နိုင်ငံအကြား များပြားသည့် ကုန်သွယ်မှုနှင့် ငွေလွှဲပြောင်းမှုများကို တိုက်ရိုက်လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း၊ ဒေါ်လာတစ်ဆင့်ခံ၍ လဲလှယ်မည့်အစား ယွမ်(RMB) နှင့် ဘရာဇီးငွေကြေး(reais)တို့ကို အပြန်အလှန်လဲလှယ်နိုင်စေမည်ဖြစ်ကြောင်း ဘရာဇီးအစိုးရကို ကိုးကား၍ Agence France–Presse က ဖော်ပြခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာလုံးဆိုင်ရာ ယွမ်ငွေအသုံးပြုမှု မြင့်တက်လာချိန်တွင် အစီရင်ခံစာ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်ဘဏ်သည် ယခုလအစောပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံရှိ အကြီးဆုံးဘဏ်ဖြစ်သည့် Saudi National Bank နှင့် ပထမဆုံး ယွမ်(RMB) ချေးငွေပူးပေါင်းဆောင်ရွက်မှုအပြီးတွင် သဘာဝဓာတ်ငွေ့ရည်အရောင်းအဝယ်အတွက် တရုတ်နိုင်ငံ၏ ပထမဆုံး အကြိမ် နယ်စပ်ဖြတ်ကျော် ယွမ်ငွေဖြင့်ပေးချေမှုကို လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

China Center for International Economic Exchanges ၏ ဒုဥက္ကဋ္ဌ Zhu Min က နိုင်ငံအများအပြားသည် ငွေရှင်းလင်းခြင်းနှင့် ငွေပေးချေမှုများတွင် ယွမ်ငွေကို အသုံးပြုရန် ဆန္ဒရှိနေကြောင်း၊ ယင်းသည် တရုတ်ငွေကြေးကို နိုင်ငံတကာသုံးငွေကြေးဖြစ်လာစေရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ယွမ်ငွေအပေါ် ယုံကြည်မှုတိုးလာခြင်းကို ထင်ဟပ်နေကြောင်း ပြောကြားခဲ့ပါသည်။

ယူကရိန်းပဋိပက္ခ စတင်ချိန်မှစ၍ အမေရိကန်ပြည်ထောင်စုမှ ချမှတ်ခဲ့သော ဘဏ္ဍာရေးပိတ်ဆို့မှုများသည် ဒေါ်လာအပေါ် ယုံကြည်မှုဆိုင်ရာအကျပ်အတည်းကို အတိုင်းအတာတစ်ခုအထိ

ဖြစ်စေခဲ့ပြီး ယွမ်အပါအဝင် အခြားငွေကြေးများ၏ ကမ္ဘာလုံးဆိုင်ရာသုံးစွဲမှုကို မြှင့်တင်ပေးခဲ့ကြောင်း Zhu က အာရှနှစ်ပတ်လည် ညီလာခံ Boao Forum ၏ ဆက်စပ်အစည်းအဝေး၌ ပြောကြားခဲ့ကြောင်း သိရှိရသည်။

China Everbright Bank မှ မက်ခရိုစီးပွားရေးလေ့လာသုံးသပ်သူ Zhou Maohua က နှစ်နိုင်ငံကုန်သွယ်မှုတွင် ပြည်တွင်းငွေကြေးများကို အသုံးပြုခြင်းသည် တရုတ်နှင့်ဘရာဇီးအတွက် အပြန်အလှန် အကျိုးရှိမည်ဖြစ်ကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ဆောင်နေသည့် ကုမ္ပဏီများရင်ဆိုင်နေရသော ငွေလဲနှုန်းအတက်အကျကြောင့် ဖြစ်ပေါ်လာသည့်စွန့်စားမှုများကို လျှော့ချကာ ကုန်သွယ်မှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရုတ်နှင့် ဘရာဇီးတို့သည် ယွမ်ဖြင့်ငွေပေးချေမှု အစီအစဉ်များ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဘရာဇီး၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ အဆိုပါနားလည်မှုစာချွန်လွှာသည် နှစ်နိုင်ငံသုံးငွေကြေးများဖြင့် ကုန်သွယ်ရန် နှစ်နိုင်ငံစလုံးအတွက် လိုအပ်သော အခြေခံအဆောက်အအုံတစ်ခုအဖြစ် ကျွမ်းကျင်သူများက ယူဆထားကြောင်း သိရှိရပါသည်။

အဆိုပါ အစီအစဉ်များသည် နှစ်နိုင်ငံစလုံးရှိ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများအနေဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအတွက် ယွမ်ငွေကို အသုံးပြုရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရအမျိုးသမီး Mao Ning က ၃၀-၃-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

အမေရိကန်၏ ဘဏ္ဍာရေးပိတ်ဆို့အရေးယူမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာငွေကြေးအဖြစ်သုံးစွဲနေသည့် ဒေါ်လာ၏အဆင့်အတန်းကို ထိခိုက်စေသဖြင့် ဆော်ဒီအာရေးဗျ၊ ရုရှားနှင့် ဘရာဇီးတို့ကဲ့သို့သော နိုင်ငံအများအပြားသည် လက်ရှိဒေါ်လာဗဟိုပြုစနစ်အစား အခြားရွေးချယ်စရာ တစ်ခုကို လုပ်ဆောင်နေကြပြီး ယွမ်ငွေကို ကမ္ဘာလုံးဆိုင်ရာအသုံးပြုမှု မြင့်တက်လာစေသည်ဟု တရုတ်အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ပိုင်ဆိုင်မှုစီမံခန့်ခွဲမှုကုမ္ပဏီတစ်ခုဖြစ်သည့် GROW Investment Group မှ စီးပွားရေးပညာရှင် အကြီးအကဲ Hong Hao က ပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်နှင့် ၎င်း၏ ကုန်သွယ်ဖက်နိုင်ငံများသည် ပြည်တွင်းသုံးငွေကြေးတို့ဖြင့် ပေးချေသည့် အစီအစဉ်များကို ပိုမိုဆောင်ရွက်ခြင်းဖြင့် အမေရိကန်ဒေါ်လာအပေါ် ၎င်းတို့၏ မှီခိုအားထားမှုကို လျှော့ချနိုင်မည့်အပြင် ငွေပေးငွေယူ ကုန်ကျစရိတ်များကို လျှော့ချပေးပြီး နိုင်ငံခြားငွေလဲလှယ်မှုစီမံခန့်ခွဲခြင်းကို ပိုမိုရိုးရှင်းစေရန် ကူညီပေးနိုင်ကြောင်း Hong က ပြောကြားခဲ့သည်။

Agribusiness & Trade

ပြီးခဲ့သည့်လတွင် ယွမ်ငွေဖြင့် ပေးချေမှုသည် ကမ္ဘာတစ်ဝှမ်းငွေပေးချေမှု၏ ၂.၁၉ ရာခိုင်နှုန်းရှိပြီး ဇန်နဝါရီလတွင် ၁.၉၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ပိုမိုမြင့်တက်လာကြောင်း၊ ဘဏ္ဍာရေးစာတိုပေးပို့ခြင်းဝန်ဆောင်မှုပေးသော SWIFT ၏စာရင်းအရ အဓိကငွေကြေးများအနက် ပဉ္စမအဆင့်ရှိကြောင်း သိရှိရပါသည်။

Source: http://www.chinadaily.com.cn/a/202303/30/WS6425b012a31057c47ebb77f2.html
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

……………………………………………………

## တရုတ်နှင့် စင်ကာပူတို့သည် စီးပွားရေးနှင့် ကုန်သွယ်မှု ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိ

တရုတ်နှင့် စင်ကာပူတို့၏ စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးကို လာမည့်နှစ်များအတွင်း ပိုမိုအဆင့်မြင့်သည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များဖြင့် အားဖြည့်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပထဝီဝင်စီးပွားရေးကွဲလွဲမှုများ၏ အကျိုးသက်ရောက်မှုကို ထိရောက်စွာ လျှော့ပါးစေကာ အချင်းချင်း၏ ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များ ဖန်တီးပေးမည် ဖြစ်ကြောင်း ကုန်သွယ်ရေးကျွမ်းကျင်သူများနှင့် စီးပွားရေးခေါင်းဆောင်များက ၃-၄-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို အဆင့်မြှင့်တင်မှုနှင့် ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုများ ပြီးဆုံးကြောင်း ကြေညာပြီးနောက် ကျွမ်းကျင်သူများက အဆိုပါသဘောထားမှတ်ချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့အဆင့်မြှင့်တင်မှု၏ ရည်ရွယ်ချက်မှာ ၎င်းတို့၏ ကုမ္ပဏီများအတွက် ဈေးကွက်ဝင်ရောက်မှု တိုးတက်စေရန်နှင့် ပိုမိုပွင့်လင်းပြီး အဆင့်မြင့်စီးပွားရေးအလေ့အထများကို ထူထောင်ရန်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Wang Wentao နှင့် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Gan Kim Yong တို့ လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်များအရ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပွင့်လင်းမြင်သာမှုဆိုင်ရာ အစီအမံများကို နောက်ပြန် ဆုတ်မည်မဟုတ်ကြောင်းကို နှစ်ဖက်စလုံးက အတည်ပြုခဲ့ပြီး စီးပွားရေးဈေးကွက်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သွားရန် တစ်ဖက်နှင့်တစ်ဖက် ကတိပြုခဲ့ကြကြောင်း သိရှိရပါသည်။

တရုတ်နှင့်စင်ကာပူနှစ်နိုင်ငံစလုံးသည် ဒေသတွင်းပေါင်းစည်းရေးအတွက် ဘက်ပေါင်းစုံမှ အခိုင်အမာ တွန်းအားပေးဆောင်ရွက်နေသည့်ကြားတွင် ယခုသဘောတူညီချက်သည် တရုတ်နှင့် စင်္ကာပူနိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာဆက်ဆံမှုကို အမြင့်ဆုံးသို့ မြှင့်တင်မည့်လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း ကမ္ဘာကိုပြသလိမ့်မည်ဟု ပေကျင်းမြို့ရှိ တရုတ်လူမှုရေး သိပ္ပံအကယ်ဒမီ ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံမှ သုတေသီ Gao Lingyun မှ ပြောကြားခဲ့ကြောင်း သိရှိရသည်။

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသကို ထပ်မံအဆင့်မြှင့်တင်ခြင်း(သို့မဟုတ်) ACFTA 3.0 အတွက် ကြိုတင်ပြင်ဆင်မှုများအပြင် ယခုလုပ်ဆောင်ချက်သည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (RCEP) ကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဟိုင်နန်ပြည်နယ်အခြေစိုက် China Institute for Reform and Development မှ လက်ထောက် ဥက္ကဋ္ဌ Guo Da က ပြောကြားခဲ့ကြောင်း သိရှိရသည်။

နှစ်နိုင်ငံစလုံးသည် ဥပဒေကြောင်းအရ ပြန်လည်သုံးသပ်ခြင်းနှင့် စာသားဘာသာပြန်ခြင်း ဆိုင်ရာ နောက်ဆက်တွဲလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သဘောတူညီချက်ကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန် သက်ဆိုင်ရာ ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင် ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

တရုတ်နှင့် စင်ကာပူတို့သည် FTA ကို ၂၀၀၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၈ ခုနှစ် တွင် အဆင့်မြှင့်တင်ခဲ့ကြောင်း၊ ၎င်းတို့သည် သဘောတူညီချက်ကို ထပ်မံအဆင့်မြှင့်တင်ကာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် negative list model အပေါ်အခြေခံ၍ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖြေလျှော့ပေးရန်အတွက် နောက်ဆက်တွဲညှိနှိုင်းမှုများကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

RCEP သဘောတူညီချက်ကဲ့သို့သော ကြီးမားသောလွတ်လပ်သောကုန်သွယ်မှုသဘော တူညီချက်များ၊ Belt and Road Initiative နှင့် New International Land-Sea Trade Corridor တို့ တိုးတက်လာခြင်း၏ တွန်းအားများကြောင့် တရုတ်နှင့် စင်ကာပူတို့၏ အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် ၂၂.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၅.၁၃ ဘီလီယံသို့ တိုးလာခဲ့ကြောင်း တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ပြောကြားခဲ့ကြောင်း သိရှိရသည်။

Agribusiness & Trade

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ တရုတ်နိုင်ငံတွင် စင်ကာပူ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉.၆၁ ဘီလီယံရှိပြီး ယခင်နှစ်ထက် ၁၅.၇ ရာခိုင်နှုန်း တိုးလာကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆.၃၅ ဘီလီယံရှိပြီး နှစ်စဉ် ၂၇.၈ ရာခိုင်နှုန်း တိုးလာကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးလာခြင်းကြောင့် တရုတ်နှင့် စင်ကာပူတို့သည် ဒစ်ဂျစ်တယ်စီးပွားရေး၊ အခြေခံအဆောက်အအုံသစ်၊ စွမ်းအင်သစ်နှင့် ပို့ဆောင်ရေးကဏ္ဍကဲ့သို့သော နယ်ပယ် များတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုတိုးမြှင့်နိုင်ဖွယ်ရှိကြောင်း China Academy of International Trade and Economic Cooperation မှ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစင်တာ၏ အကြီးအကဲ Zhang Jianping က ပြောကြားခဲ့ကြောင်း သိရှိရသည်။

ပေကျင်းအခြေစိုက် နိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်သည့် China Energy Engineering Group Co., Ltd သို့မဟုတ် Energy China သည် စင်္ကာပူနှင့် အခြားသောအာဆီယံနိုင်ငံများတွင် စွမ်းအင်သစ် (Green Energy)နှင့် အခြေခံအဆောက်အဦအမျိုးအစားသစ်များတွင် ၎င်း၏ဈေးကွက်ဝေစုကို ချဲ့ထွင်နိုင်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း သိရှိရသည်။

တရုတ်ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် စင်ကာပူရှိ Jurong ကျွန်းတွင် စွမ်းအင်သိုလှောင်မှုစီမံကိန်းတစ်ခုကို စတင်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းသည် အရှေ့တောင်အာရှတွင် ၎င်း၏ အကြီးမားဆုံးသော မဂ္ဂါဝပ်နာရီ ၂၀၀ ရှိသော စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစီမံကိန်းသည် Jurong ကျွန်းကို စင်ကာပူရှိ ရေရှည်တည်တံ့သော ဓာတုစွမ်းအင် ဥယျာဉ်အဖြစ် အသွင်ပြောင်းရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး စင်ကာပူ Green Plan 2030 တွင် ဖော်ပြထားသည့်အတိုင်း မြို့တော်ကို ၎င်း၏ ကာဗွန်လျှော့ချရေး ရည်မှန်းချက်များ အောင်မြင်စေရန် ကူညီပေးမည်ဖြစ်ကြောင်း Energy China ၏ ဒုတိယဥက္ကဋ္ဌ Chen Xiaohua မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source:http://global.chinadaily.com.cn/a/202304/04/WS642b6100a31057c47ebb8291.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

……………………………………………………………………………..

## The 3rd China International Consumer Products Expo (CICPE) သို့ လာရောက်ကြည့်ရှုသူများ ယခင်နှစ်ထက်ပိုများ

တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဗျူရိုနှင့် ဟိုင်နန်ပြည်နယ်နိုင်ငံတကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဗျူရိုတို့မှ ပူးပေါင်း၍ တရုတ်နိုင်ငံ၊ ဟိုင်နန်ပြည်နယ်၊ Haikou တွင် The 3rd China International Consumer Products Expo (CICPE) ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိကျင်းပခဲ့ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားခဲ့ကြောင်း ပွဲစီစဉ်သူ၏ပြောကြားချက်အရ သိရှိရပါသည်။

ကုန်စည်ပြပွဲအတွင်း လာရောက်ကြည့်ရှုသူ ၃၂၀,၀၀၀ ကျော်ရှိပြီး ယမန်နှစ်က မှတ်ပုံတင်ခဲ့သည့် ၂၈၀,၀၀၀ နှင့် နှိုင်းယှဉ်ပါက တိုးတက်လာကြောင်း သိရှိရပါသည်။ ကုန်စည်ပြပွဲတွင် နိုင်ငံနှင့် ဒေသပေါင်း (၆၅)ခုမှ ကုန်ပစ္စည်းအမှတ်တံဆိပ်ပေါင်း (၃၃၈၂)ခုကို ခင်းကျင်းပြသခဲ့ပြီး ပြည်ပမှဝယ်သူ ၂၀၀၀ ကျော် လာရောက်ကာ စီးပွားရေးအခွင့်အလမ်းများကို ရှာဖွေခဲ့ကြကြောင်း သိရှိရပါသည်။

"အခွင့်အလမ်းများကို မျှဝေပါ၊ ပိုမိုကောင်းမွန်သောဘဝနေထိုင်မှုကို ပူးပေါင်းဖန်တီးပါ" ဟူသောခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် CICPE သည် တရုတ်နိုင်ငံအနေဖြင့် COVID-19 တုံ့ပြန်မှုကို အကောင်းဆုံးလုပ်ဆောင်ပြီးနောက် ပထမဆုံးနိုင်ငံတကာကုန်စည်ပြပွဲကြီး ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ် ကာလအတွင်းတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အကြီးမားဆုံးပံ့ပိုးကူညီသူအဖြစ် ရပ်တည်နေခဲ့ပြီး စီးပွားရေးတိုးတက်မှုအတွက် စားသုံးမှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် CICPE သည် ကုန်သွယ်မှုကို ချဲ့ထွင်ရန်၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်နှင့် နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

တရားဝင်အချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် စားသုံးမှုသည် တရုတ်နိုင်ငံ၏ GDP တိုးတက်မှုတွင် ၆၅.၄ ရာခိုင်နှုန်းပါဝင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်တို့ကို ကျော်လွန်ကာ တိုးတက်မှုအတွက် အကြီးဆုံးတွန်းအားဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ မူဝါဒချမှတ်သူများက အစီရင်ခံစာနှင့် အစည်းအဝေးများတွင် စားသုံးမှုကို အလေးထားဖော်ပြလျက်ရှိကြောင်း၊ သာဓကအနေဖြင့် ယခုနှစ် အစိုးရလုပ်ငန်းအစီရင်ခံစာတွင် တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရေးနှင့် စားသုံးမှုတိုးချဲ့ရေးကို ဦးစားပေးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားမှုကို ထပ်မံအတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ကြီးမားသောအခွင့်အလမ်းများနှင့် စားသုံးမှုမြှင့်တင်ရေးကို အထောက်အကူပြုသည့် မူဝါဒများကြောင့် ကမ္ဘာ့ဒုတိယအကြီးဆုံးစားသုံးသူဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများအတွက် လက်မလွှတ်နိုင်သော ဆွဲဆောင်မှုကို ရရှိထားကြောင်း သိရှိရသည်။

ထို့ကြောင့် CICPE ကုန်စည်ပြပွဲသည် မိမိတို့၏ ကုန်အမှတ်တံဆိပ်ကို တရုတ်စားသုံးသူများအား မိတ်ဆက်ပြသရန်နှင့် စီးပွားရေးလုပ်ငန်းများနှင့် တရုတ်ဈေးကွက်ကြား ပိုမိုနီးကပ်သော ဆက်ဆံရေးကို ထူထောင်ရန် အကောင်းဆုံးအခွင့်အရေးဖြစ်ကြောင်း Burberry China ၏ ဥက္ကဋ္ဌ Josie Zhang က ပြောကြားခဲ့ကြောင်း သိရှိရသည်။

အဆိုပါလူသုံးကုန်ပစ္စည်းပြပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ သြစတြေးလျနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့သော ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများမှလည်း အမွှေးနံ့သာ၊ အလှကုန်၊ အစားအစာနှင့် ကျန်းမာရေးထုတ်ကုန်များ ကဲ့သို့သော အရေးကြီးသော စားသုံးသူကဏ္ဍများမှ ပါဝင်ပြသခဲ့ကြကြောင်း သိရှိရပါသည်။

ကုန်စည်ပြပွဲကို တက်ရောက်ခြင်းဖြင့် RCEP အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ အမှတ်တံဆိပ်ကိုမြှင့်တင်ရန် အခွင့်အလမ်းများသာမက ကုန်စည်ပြပွဲ၏ ကြီးမားကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုနှင့် ဟိုင်နန်၏ အခွန်ကင်းလွတ်ခွင့်မူဝါဒများကို အသုံးချကာ ကြီးမားသည့် တရုတ်စားသုံးသူဈေးကွက်သို့ ဝင်ရောက်ရန် အခွင့်အလမ်းများပါ ရရှိခဲ့ကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20230415/8e530ab7b9564c6d9ac9e22d4affdb5a/c.html

https://english.news.cn/20230413/577ca715e7b0479187f82f0a10cbacab/c.html

https://www.chinadaily.com.cn/a/202304/13/WS6437c29aa31057c47ebb9f8f.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

AgriBusiness & Trade

## တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်အတွင်း တိုးတက်မှုရှိခဲ့

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်တွင် ယွမ် ၉.၈၉ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁.၄၄ ထရီလီယံ) အထိ ရှိခဲ့ပြီး ယခင်နှစ်ထက် ၄.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်သည် ယွမ် ၅.၆၅ ထရီလီယံရှိခဲ့ပြီး ယခင်နှစ်ထက် ၈.၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သလို သွင်းကုန်အနေဖြင့်လည်း ယွမ် ၄.၂၄ ထရီလီယံအထိ ရှိခဲ့ပြီး ယခင်နှစ်ထက် ၀.၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီမှ မတ်လအတွင်း ယွမ် ၁.၅၆ ထရီလီယံသို့ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၁၆.၁ ရာခိုင်နှုန်း မြင့်တက်လာကာ တရုတ်နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှု တန်ဖိုး၏ ၁၅.၈ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ယွမ် ၁.၃၄ ထရီလီယံ၊ ယွမ် ၁.၁၁ ထရီလီယံ၊ ယွမ် ၅၄၆.၄၁ ဘီလီယံနှင့် ယွမ် ၅၂၈.၄၆ ဘီလီယံ အသီးသီးရှိကြပြီး သုံးလတာကာလအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၏ ၃၅.၆ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရှိရပါသည်။

ဇန်နဝါရီလမှ မတ်လအထိ တရုတ်၏ Belt and Road Initiative တွင် ပါဝင်သော နိုင်ငံများနှင့် သွင်းကုန်/ ပို့ကုန်ဆောင်ရွက်မှုသည် ယခင်နှစ်ထက် ၁၆.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၎င်း၏ နိုင်ငံခြားကုန်သွယ်မှုတွင် ၃၄.၆ ရာခိုင်နှုန်းအထိ ရှိခဲ့ပါကြောင်း၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သည့် အခြားသောမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ် ပထမသုံးလပတ်ထက် ၇.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

Source: http://www.chinadaily.com.cn/a/202304/13/WS64376260a31057c47ebb9df3.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

………………………………………………………………………………………………

Agribusiness & Trade